**ရှမ်းလူ့အခွင့်အရေးဏ္ဍိုင်မှသတင်းထုတ်ပြန်ချက်**


**အောက်တိုဘာလ၂၂ရက်၊၂၀၁၄**

**ကျေးသီးမြို့နယ်အတွင်းမြန်မာစစ်တပ်များမှလူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပြည်သူလူထုများနေထိုင်ရာနေရာများအတွင်းမော်တာ---များဖြင့်ပစ်ခတ်မှုများဆက်လက်ဖြစ်ပွား**

ရှမ်းပြည်တိုးတက်ရေးပါတီရှမ်းပြည်တပ်မတော် SSPP/SSAအားမြန်မာစစ်တပ်မှစစ်ရေးဆင်လျက်ရှိရာ ရှမ်းပြည်နယ်အလယ်ပိုင်းကျေးသီးမြို့နယ်အတွင်းမြန်မာစစ်တပ်များကလူ့အခွင့်အရေးချိုးဖောက်မှုများကိုဆက်လက်ကျူးလွန်လျက်ရှိသည်။ကျွန်ုပ်တို့ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှလက်ရှိကောက်ယူရရှိထားသည့်သတင်းအချက်အလက်များအရအောက်တိုဘာလ၁၂ရက်နေ့မှ၁၈ရက်နေ့အတောအတွင်းရွာသား၅ဦးမှာရိုက်နက်ညှင်းပန်းနိပ်စက်ခြင်းခံရပြီး၊ကိုယ်ဝန်အရင့်အမာနှင့်အမျိုးသမီးတစ်ဦးအပါအဝင်မျိုးသမီး၇ဦးမှာအိမ်တွင်း၌တစ်ပတ်တိတိဖမ်းဆီးထိန်းသိမ်းထားခြင်းကိုခံခဲ့ကြရသည်။အောက်တိုဘာလ၁၃ရက်နေ့တွင်လည်း မြန်မာစစ်တပ်တို့မှမော်တာ----များဖြင့်လူနေရွာ အတွင်းပစ် ခတ်ရာ လူနေအိမ်နှင့်ဥစ္စာ ပစ္စည်းများပျက်ဆီးသွားရုံမ ကရွာ သားပေါင်း၁၈ဂကျော် ခန့်မှာရွာ ဘုန်းကြီး ကျောင်း အတွင်း ပြေးဝင်ခိုလုံကြရသည်။

ယင်းသို့မြန်မာစစ်တပ်မှလူ့အခွင့်အရေးချိုးဖောက်မှုများနှင့်မော်တာဖြင့်ပစ်ခတ်မှုများအားပြီးခဲ့သည့်အောက်တိုဘာလ၈ရက်နေ့ကခိုလမ်အခြေစိုက်အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (ရလခ) တိုင်းမှ SSPP/SSA အားတပ်များ ဆုတ်ခွာရန်ညွှန်ကြားထားသည့်နေရာတစ်ပိုက်တွင်တည်ရှိသည့်ရွာများအတွင်းဖြစ်ပွားခဲ့သည်။ယင်းနယ်မြေမှာ SSPP/SSA တို့ရာစုနှစ်နှင့်ချီထိန်းချုပ်ရာနယ်မြေဖြစ်ပြီးလက်ရှိတွင်မြန်မာစစ်တပ်မှ SSPP/SSA အားထိုးစစ်ဆင်နေခြင်းနှင့်ဖိအားပေးကာတပ်များအားဆုတ်ခွာခိုင်းနေမှုများမှာ၄င်းတို့မြန်မာအစိုးရနှင့် SSPP/SSA တို့အကြားရေးထိုးထားသည့်ပြည်ထောင်စုအဆင့်အပစ်အခတ်ရပ်ဆဲရေးစာချုပ်ကိုမြန်မာစစ်တပ်မှကျူးလွန်ဖောက်ဖျက်နေခြင်းဖြစ်သဖြင့် SSPP/ SSA မှတောင်းဆိုညွှန်ကြားသည့်အတိုင်းတပ်များဆုတ်ခွာပေးခြင်းမပြုခဲ့ပေ။

## မြန်မာတပ်မတော်မှ လက်နက်ကြီးပစ်ခတ်မှုနှင့်လူ့အခွင့်အရေးချိုးဖောက်မှုပြမြေပုံ ၁၂-၁၈ အောက်တိုဘာ ၂၀၁၄




### လူ့အခွင့်အရေးချိုးဖောက်မှုအသေးစိတ်။ ။

### ငူးလိုန်ရွာမှရွာသား၃ဦးဖမ်းဆီးရိုက်နက်ခံရ

အောက်တိုဘာလ၁၂ရက်နေ့တွင်ကျေးသီးမြို့နယ်ဂမ်ဂပ်ကျေးရွာအုပ်စုအတွင်းရှိဂမ်ငူးလိုမ်ရွာမှရွာသားသုံးဦးတို့သည် လွိုင်လင်အခြေစိုက်မြန်မာစစ်တပ်တစ်တပ်မှဖမ်းဆီးခြင်းကိုခံကြရသည်။ဖမ်းဆီးခံရသူများမှာစိုင်းန (၃၅နှစ်)၊ စိုင်းဆွေ (၂၉နှစ်)၊ နှင့်စန်ကြမ် (၅၂နှစ်)တို့ဖြစ်ကြသည်။၄င်းတို့ရွာသား ၃ ဦးအားရှမ်းစစ်သား များဖြစ်သည်ဟု စွပ်စွဲစစ်ဆေးမေးမြန်းကာရိုက်နက်ခြင်းများပြုလုပ်ခဲ့ကြသည်။ရိုက်နက်ခံရသူရွာသားများအနက်စန်ကြမ်မှာကြောက်လန့် လွန်ကာသွေးလွန်ခြောက်ခြားဖြစ်သွားရာအခြားရွာသားများမှ၄င်းသည်သာမန် ရွာသားတစ်ဦးသာဖြစ်ကြောင်း အာမခံတောင်းပန်မှ၄င်းအားမြန်မာတပ်သားများယင်းနေ့၌ပင်ပြန်လွှတ်ပေးခဲ့သည်။လွှတ်ပေးသည့်နေ့မှစ၍စန်ကြမ်မှာ ရွာမှထွက်သွားပြီးယနေ့ထိအိမ်သို့ပြန်မလာရဲသေးပေ။စိုင်းနနှင့်စိုင်းဆွေတို့ကိုမူဖမ်းဆီးထားပြီးနောက်တစ်ရက်မှပြန် လည်လွှတ်ပေးခဲ့သည်။

### ဖာဆောင်ရွာမှအမျိုးသမီး၇ဦးအားအိမ်အတွင်း၆ရက်ကြာထိန်းသိမ်းထား

အောက်တိုဘာ၁၂ရက်နေ့တွင်ဂမ်ငူးလိုမ်နှင့်ဂမ်ဖာဆောင်ရွာမှအမျိုးသမီး၇ဦးအားဖာဆောင်ရွာအနီးတစ်ပိုက်နှင့်ရွာအတွင်းစခန်းချထားသည့်တန့်ယန်းအခြေစိုက်မြန်မာစစ်တပ်ခမရ ၃၂၆ နှင့် ၅၂၃ တို့မှဖမ်းဆီးထိန်းချုပ် ထားခဲ့သည်။ ၎င်းအ မျိုးသမီး ၇ ဦးအား----------ဆရာမငင်းဟွမ်အိမ်၌၆ရက်ကြာထိန်းချုပ်ထားခဲ့သည်။ အောက်တိုဘာလ ၁၈ ရက်နေ့၌သာ ၎င်းအမျိုးသမီးများအား------ပြန်လည်လွတ်ပေးခဲ့သည်။ယင်းဖမ်းဆီးထိန်းချုပ်ခံရသူအမျိုးသမီးများမှာ

1. နိုင်းဆာ ( အသက်၇၀)
2. နန်းအောင်ဥ  ( ၃၀နှစ်)
3. နန်းမတ် ( ၂၈နှစ်)
4. နန်းစံညွှန့် ( ၁၇နှစ်)
5. နန်းလင်း ( ၁၄နှစ်)
6. နန်းဥ ( ၃၂နှစ်)
7. နန်းမွမ်းစိန် ( ၁၈နှစ်)

၎င်းအမျိုးသမီးများထဲမှအိမ်ရှင်ဆရာမ၏အမဖြစ်သူမှာကိုယ်ဝန်အရင့်အမာဖြင့်ရှိရာမြန်မာစစ်တပ်မှအစပိုင်းတွင်သူမအားအိမ်မှထွက်ခွာခွင့်မပေးခဲ့ပေ။သို့ရာတွင်အရေးပေါ်အခြေအနေကြောင့်သူမအားနောက်ပိုင်းတွင်ကျေးသီးဆေးရုံသို့ မီးဖွားရန်သွားခွင့်ပြုခဲ့သည်။

ဂမ်ဖာဆောင်ရွာမှရွာသားများပြောပြချက်အရယင်းဖာဆောင်ရွာနားတစ်ပိုက်နှင့်ရွာအတွင်းတပ်စွဲထားသည့်မြန်မာစစ်သားများမှရွာအတွင်းရှိရွာသူရွာသားများ၏ဆန်များ၊ ဂက်များ၊ အခြားသောစားနပ်ရိက္ခာများနှင့်ဥစ္စာပစ္စည်းများအားကြိုက် သလိုယူသုံး------ကာသတ်ဖြတ်စားသောက်လျက်ရှိကြောင်းသိရသည်။ ဂမ်ငူးလိုမ်ရွာအတွင်းတပ်စွဲထားသော စစ်တပ်မှာ လည်း ရွာအတွင်းတပ်စခန်းများဆောက်ရန်သစ် များဂါးများခုတ် ခါပြင် ဆင်နေကြသည်ဟုကြားသိရသည်။

**ပန်စေးရွာမှရွာသားနှစ်ဦးတစ်ညလုံးဖမ်းဆီးချုပ်နှောင်ကာရိုက်နှက်စစ်ဆေးခြင်းခံရ**

အောက်တိုဘာလ ၁၄ ရက်နေ့ညနေ ၃ နာရီအချိန်တွင်ပန်စေးရွာမှရွာသားနှစ်ဦးဖြစ်သူစိုင်းကမ်အသက်၂၅ နှစ်နှင့်လုံးခမ်း အသက် ၅၅ နှစ်တို့ယာခင်းသွားရာလမ်းတွင်လွိုင်လင်အခြေစိုက်မြန်မာ တပ်ရင်းတစ်ရင်းမှဖမ်းဆီးခြင်းကိုခံခဲ့ကြရသည်။ ၎င်းတို့ရွာသားနှစ်ဦးမှာသေနတ်ဒင်းဖြင့်မျက်နှာနှင့်ဦးခေါင်းအားထုရိုက်ခြင်းခံရပြီးတစ်ညလုံး ကြိုးဖြင့်တုပ်နှောင်ဖမ်းဆီးထားခြင်းကိုခံကြရသည်။၎င်းတို့ရွာသားနှစ်ဦးအားနောက်နေ့နေ့လည်၁၁နာရီချိန်တွင်သာလွတ်ပေးခဲ့သည်။ယင်းမြန်မာစစ်တပ်သည်ပန်စေးရွာအတွင်းရွာသားများ၏အစားအသောက်များရိက္ခာများအားအဓမ္မလုယူစားသောက်လျက်ရှိရာရွာသားများမှာစားနပ်ရိက္ခာများပြတ်လုနီးရှိနေပြီသည်။



*မြန်မာစစ်တပ်မှဖမ်းဆီးချုပ်နှောင်ကာရိုက်နှက်ခံရသောစိုင်းကမ်နှင့်လုံးခမ်း*

မြန်မာစစ်တပ်မှရွာသားများအားရိက္ခာပစ္စည်းများရွာတွင်းရွာပြင်သယ်ယူပို့ဆောင်ခြင်း၊-------- သွားရေးလာရေးအားပိတ်ပင်ထားခြင်းတို့ကြောင့်လက်ရှိတွင်ယင်းဒေသအတွင်းရှိရွာသားများပြည်သူလူထုများမှာစားနပ်ရိက္ခာပြတ်လပ်မှုဒုက္ခနှင့်ကြုံတွေ့နေကြရသည်။

**အသေးစိတ်သိရှိလိုပါက။။**

စိုင်းဟော်ရှုန်  +66: (0) 93-264-9487   (Shan, English)

နန်းခွမ်လိတ်  +66 (0) 846 680 984 (Burmese, English)